Panasonic

# အသုံးပြုပုံလမ်းညွှန်ချက်များ

## ( အိမ်တွင်သုံးရန် ) အိုင်ယွန်ဖြည့်မျက်နှာပေါင်းတင်စက်

မော်ဒယ်နံပါတ် .  **EH-SA31**



ဤစက်ကိုအသုံးမပြုမီ အောက်ပါ လမ်းညွှန်ချက်များကို ပြည့်စုံစွာ ဖတ်၍ နောင်တွင် အသုံးပြုနိုင်ရန် သိမ်းဆည်းထားပါ။

ပန်နာဆိုးနစ် အိုင်ယွန်ဖြည့်မျက်နှာပေါင်းတင်စက်ကို ဝယ်ယူအားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ စက်ကို အသုံးမပြုမီ အောက်ပါလမ်းညွှန်ချက်များ အားလုံးကို ဖတ်ပါ။

# ဘေးကင်းလုံခြုံမှု ကြိုတင်သတိပေးချက်များ

ဤစက်အား မှန်ကန်စွာ အသုံးပြုနိုင်ရန် အသုံးမပြုမီ ဘေးကင်းလုံခြုံမှု သတိပေးချက်အားလုံးကို သေချာစွာဖတ်ပါ။ ဘေးကင်းလုံခြုံမှုကြိုတင်သတိပေးချက်များသည် စက်ကို မှန်ကန်စွာ နှင့် လုံခြုံစွာ အသုံးပြုနိုင်ရန် ကူညီပေး၍ မိမိကိုယ်တိုင် နှင့် အခြားသူများအား အနာတရဖြစ်မှုအပြင် ပစ္စည်းဥစ္စာဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်ပါသည်။ ဘေးကင်းလုံခြုံမှု ကြိုတင်သတိပေးချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

**ဤအရေးကြီးသော ဘေးကင်းလုံခြုံမှု ကြိုတင်သတိပေးချက်များကို အမြဲလိုက်နာပါ။**

## ⚠ အရေးကြီးသတိပေးချက် :

ဤမှာကြားချက်သည် အန္တရာယ်ရှိသော လုပ်ရပ်များနှင့် အခြေအနေများကို ညွှန်ပြပြီး အကယ်၍ ရှောင်ကြဉ်ခြင်းမရှိပါက အသက်ဆုံးရှုံးခြင်း (သို့) ကြီးမားသော ဒဏ်ရာရရှိခြင်း ဖြစ်နိုင်ပါသည်။

## ⚠ သတိပေးချက် :

ဤမှာကြားချက်သည် အန္တရာယ်ရှိသော လုပ်ရပ်များနှင့် အခြေအနေများကို ညွှန်ပြပြီး အကယ်၍ ရှောင်ကြဉ်ခြင်းမရှိပါက အနာတရဖြစ်မှု (သို့) ပစ္စည်းဥစ္စာဆုံးရှုံးမှုများ ဖြစ်နိုင်ပါသည်။

## ⚠ အရေးကြီးသတိပေးချက် :

■ ဤစက်ကို ရေချိုးကန်၊ ပန်းကန်ဆေးကန် (သို့) ရေဖြည့်ထားသော ကန်များ အနီးတွင် အသုံးမပြုပါနှင့်။

■ အပူဒဏ်မခံနိုင်သော သူများ စက်ကို အသုံးမပြုပါနှင့်။

– ထိုသို့ပြုလုပ်ပါက အပူကျွမ်းခြင်း (သို့) အပူလောင်ခြင်း ဖြစ်နိုင်ပါသည်။

■ မျက်နှာထိန်းသိမ်းရန်မှ လွဲ၍ အခြား အသုံးပြုမှုများအတွက် စက်ကို အသုံးမပြုပါနှင့်။

– ထိုသို့ပြုလုပ်ပါက အပူကျွမ်းခြင်း (သို့) အပူလောင်ခြင်း၊ လျှပ်စစ်ရှော့ခ် ဖြစ်ခြင်း၊ အနာတရဖြစ်ခြင်း (သို့) ကျန်းမာရေး ဆိုင်ရာ ပြဿနာများ ဖြစ်စေနိုင်ပါသည်။

■ အရေပြား (သို့) ခန္ဓာကိုယ်တစ်လျှောက် နာကျင်မှုများ (သို့) မူမမှန်ခြင်းများ ခံစားရပါက အသုံးပြုမှုကို ချက်ချင်း ရပ်တန့်လိုက်ပါ။

အောက်ပါပုဂ္ဂိုလ်များသည် ဤစက်ကို အသုံးမပြုသင့်ပါ။

- ကိုယ်ဝန်ဆောင် (သို့) လက်ရှိ ဓမ္မတာ လာနေသော အမျိုးသမီးများ။
  (ဟော်မုန်း မညီမျှမှုကြောင့် အရေပြား ပြဿနာများ ဖြစ်စေနိုင်ပါသည်။)
- ဓာတ်မတည့်သူများ ။
- အရေပြားရောဂါများ၊ အရေပြားရောင်ရမ်းခြင်း (သို့) ထိခိုက်လွယ်သော အရေပြား ရှိသူများ။
- အရေပြား ဒဏ်ရာရခြင်း၊ နင်းခူနာဖြစ်ခြင်း၊ အရေပြားရောင်ကိုင်းခြင်း၊ ဖြစ်သည့်သူများ။

– ထိုသို့မပြုလုပ်ပါက အရေပြား (သို့) ခန္ဓာကိုယ်တွင် ပြဿနာများ ဖြစ်နိုင်ပါသည်။

## ⚠ အရေးကြီးသတိပေးချက် :

- ပလပ်ခေါင်း (သို့) စက်ပလပ်ခေါင်းကို ဖြုတ်သည့်အခါ ပလပ်ခေါင်း၏ ကိုယ်ထည်ကို ကိုင်ထားပါ။

  (ပလပ်ခေါင်းပေါ်ရှိ သတ္တုအစိတ်အပိုင်းများကို မထိပါနှင့်။)

  စက်ပြုပြင်ထိန်းသိမ်းမှုကို ဆောင်ရွက်သည့်အခါ ပလပ်ဖြုတ်ပါ။

  – ထိုသို့ မပြုလုပ်ပါက မတော်တဆ ထိခိုက်မှု (သို့) အန္တရာယ်ဖြစ်မှုများ ဖြစ်နိုင်သည်။

- စက်ကို အသုံးမပြုသည့်အခါ ပါဝါပိတ်၍ ပလပ်ကို ဖြုတ်ပါ။

  – ထိုသို့ မပြုလုပ်ပါက မီးလောင်ခြင်း (သို့) ပေါက်ကွဲခြင်းများ ဖြစ်နိုင်သည်။

- ပလပ်ခေါင်းနှင့် စက်ပလပ်ခေါင်းတွင် ဖုန်များမရှိစေရန် အခါအားလျော်စွာ သန့်ရှင်းပါ။

  – စိုထိုင်းမှုစသည့်တို့ကို လျှပ်ကာပစ္စည်းကို ပျက်စီးစေနိုင်သည်။

- စက်နှင့် သက်ဆိုင်သော မီးကြိုးကို အမြဲအသုံးပြုပါ။ ထို့အပြင် အခြားစက်များနှင့် သက်ဆိုင်သော မီးကြိုးကို မသုံးပါနှင့်။

  – ထိုသို့ မပြုလုပ်ပါက မီးလောင်နိုင်သည်။

- စက်ကို သိမ်းဆည်းသည့်အခါ မီးကြိုးကို စက်ပတ်ပတ်လည်တွင် မရစ်ပတ်ပါနှင့်။

  – ထိုသို့ ပြုလုပ်ပါက မီးကြိုးပုံပျက်ခြင်း နှင့် စက်ပျက်စီးခြင်း တို့ဖြစ်နိုင်သည်။

- စက်ပေါ်ရှိ ဖော်ပြထားသော သက်မှတ်ဗို့အား နှင့် ကိုက်ညီသော လျှပ်စစ်ပမာဏကိုသာ စက်တွင် အမြဲ အသုံးပြုပါ။

  ပလပ်ခေါင်းနှင့် စက်ပလပ်ခေါင်းကို သေချာစွာ တပ်ဆင်ပါ။

  – ထိုသို့ မပြုလုပ်ပါက မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ် ဖြစ်ခြင်း၊ အပူကျွမ်းခြင်း (သို့) အပူလောင်ခြင်း ဖြစ်နိုင်သည်။

- အောက်ပါ အခြေအနေများတွင် စက်ကို အသုံးမပြုပါနှင့်။
  - မီးကြိုး (သို့) ပလပ်ခေါင်း ပျက်စီးခြင်း (သို့) ပူလာခြင်း ဖြစ်သည့်အခါ။
  - ပလပ်ခေါင်းသည် ပလပ်ခုံတွင် ချောင်နေသည့်အခါ။

  မီးကြိုးကို ဖျက်စီးခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အလွန်အကျွံကွေးခြင်း၊ ဆွဲခြင်း (သို့) လိမ်ခြင်း မပြုပါနှင့်။

  မီးကြိုးပေါ်တွင် လေးလံလသော အရာဝတ္ထုများကို မတင်ပါနှင့်။ အရာဝတ္ထုများ အကြားတွင် မီးကြိုးကို မညှပ်ပါနှင့်။

  စက်ပလပ်ခေါင်း၏ အစွန်းတွင် ပင်များ၊ ဖုန်မှုန့်များ မကပ်ပါစေနှင့်။

  – ထိုသို့ပြုလုပ်ပါက မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ လျှပ်စစ်ပတ်လမ်းတို ဖြစ်ခြင်း၊ အပူကျွမ်းခြင်း (သို့) အပူလောင်ခြင်း ဖြစ်နိုင်သည်။

- ပလပ်ခေါင်းနှင့် စက်ပလပ်ခေါင်းကို ပလပ်ခုံတွင် ရေစိုသောလက်များဖြင့် တပ်ခြင်း (သို့) ဖြုတ်ခြင်း မပြုပါနှင့်။ ထို့အပြင် စက်ကို ရေစိုသောလက်ဖြင့် အသုံးမပြုပါနှင့်။

  – ထိုသို့ပြုလုပ်ပါက ရှော့ခ်ဖြစ်ခြင်း (သို့) လျှပ်စစ်ပတ်လမ်းတိုဖြစ်ခြင်းများဖြစ်နိုင်ပါသည်။

## ⚠ အရေးကြီးသတိပေးချက် :

■ စက်ကို ရေချိုးကန် (သို့) အစိုဓာတ်မြင့်သော အခန်းများတွင် အသုံးပြုခြင်း၊ သိမ်းဆည်းခြင်း မပြုလုပ်ပါနှင့်။ စက်ကို ရေစိုနိုင်သော နေရာ (ပန်ကန်ဆေးသည့်ဘေစင်ဘေး) တွင်မထားပါနှင့်။

– ထိုသို့ပြုလုပ်ပါက လျှပ်ကာပစ္စည်းယိုယွင်းခြင်းကြောင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း (သို့) မီးလောင်ခြင်းများဖြစ်နိုင်သည်။

■ ကလေးငယ်များ လက်လှမ်းမီသော နေရာများတွင် မထားပါနှင့်။ ကလေးငယ်များအား စက်ကို အသုံးမပြုပါစေနှင့်။ ကလေးအား စက်ကို လျှာဖြင့် မလျက်ပါစေနှင့်။

– ထိုသို့ပြုလုပ်ပါကလျှပ်စစ်ရှော့ခ်ဖြစ်ခြင်း (သို့) အပူလောင်ခြင်း ဖြစ်နိုင်သည်။

■ စက်ကို ပေါက်ကွဲလွယ်သော အရာဝတ္ထုများ (အရက်ပြန်၊ တင်နာ၊ ဗန်ဇင်း၊ ကြွေရည်ဖျက်ဆေး၊ လေမှုတ်ဆေး စသည့်) အနီးတွင် မသုံးပါနှင့်။

– ထိုသို့ပြုလုပ်ပါက ပေါက်ကွဲခြင်း (သို့) မီးလောင်ခြင်း ဖြစ်နိုင်ပါသည်။

■ စက်ကို ရေထဲတွင် မနှစ်ပါနှင့်။ စက်တွင် ရေဖြည့်ရန်ဓာတ်ဘူးကို သုံး၍ ဓာတ်ဘူးကို ရေဖြည့်သည့်အခါ စက်နှင့် ပါဝါ ခလုတ်ကို ရေမစိုပါစေနှင့်။

– ထိုသို့ပြုလုပ်ပါက မီးလောင်ခြင်း လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ လျှပ်စစ်ပတ်လမ်းတိုဖြစ်ခြင်း (သို့) အပူကျွမ်းခြင်း ဖြစ်နိုင်ပါသည်။

■ စက်ကို ပြုတ်ကျခြင်း၊ တိုက်မိခြင်း၊ မရှိပါစေနှင့်။ အကယ်၍ စက်အား ပြုတ်ကျခြင်း (သို့) တိုက်မိခြင်း ရှိပါက ဆက်၍ အသုံးမပြုပါနှင့်။

– ထိုသို့ပြုလုပ်ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း ဖြစ်နိုင်ပါသည်။

■ စက်၏ ရေနွေးငွေ့ထွက်ပေါက်တွင် ပင်များ၊ ဝါယာများ၊ အခြားပြင်ပအရာဝတ္ထုများကဲ့သို့ သတ္တုဆိုင်ရာ အရာဝတ္ထုများ မဝင်ပါစေနှင့်။ ရေနွေးငွေ့ထွက်ပေါက်ကို မပိတ်ပါနှင့်။

– ထိုသို့ပြုလုပ်ပါက လျှပ်စစ်ရှော့ခ် ဖြစ်နိုင်ပါသည်။

■ စက်ကို ပြုပြင် မွမ်းမံခြင်း၊ ဖြုတ်ခြင်း၊ ပြင်ဆင်ခြင်း၊ မပြုလုပ်ပါနှင့်။ စက်ကို ဝယ်ယူခဲ့သော ဆိုင် (သို့) တရားဝင်ခွင့်ပြုထားသော ပန်နာဆိုးနစ် ဆားဗစ်စင်တာနှင့် ဆက်သွယ်၍ ပြုပြင်ပါ။

– ထိုသို့ပြုလုပ်ပါက မီးလောင်ခြင်း (သို့) မှုမမှန်သော အသုံးပြုမှုကြောင့် အနာတရ ဖြစ်နိုင်ပါသည်။

## ⚠ သတိပေးချက် :

■ စက်ကို အသုံးပြုပြီးနောက် ရေသွန်သည့်အခါ စက်ကို ကိုင်ထားပါ။ သို့မှသာ လက်သည် ရေပူနှင့် မထိမည် ဖြစ်သည်။

စက်ကို အသုံးပြုပြီးနောက် ဓာတ်ဘူး၏ အပူချိန်ကို သတိပြုပါ။

– ထိုသို့ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

■ ပေါင်းခံထားရေ (သို့) ရေသန့်ကို သာအသုံးပြုပါ။

– ထိုသို့ မပြုလုပ်ပါက ကိရိယာချွတ်ယွင်းခြင်း (သို့) အချို့ပြင်းထန်သော ကိစ္စများတွင် အပူကျွမ်းခြင်း (သို့) အပူလောင်ခြင်းများ ဖြစ်နိုင်သည်။

မြန်မာ

## ⚠ သတိပေးချက် :

■ ပါဝါခလုတ်ကို အသုံးပြုသည့်အခါ ရေနွေးငွေ့နှင့် လက်ကို ဝေးဝေးတွင် ထားပါ။ ပိုက်ခေါင်းမှ မျက်နှာနှင့် လက်ကို အနည်းဆုံး ၂၀ စင်တီမီတာအကွာ တွင် ထားပါ။

စက်ကို အသုံးပြုနေစဉ်နှင့် အသုံးပြုပြီးနောက် ၁၀ မိနစ်အတွင်း စက်ကို စောင်းခြင်း၊ လှုပ်ခြင်း (သို့) ရွှေ့ခြင်း မပြုလုပ်ပါနှင့်။ ထိုသို့ပြုလုပ်ပါက ရေပူများ ထွက်ကျက ရေနွေးငွေ့များသည် ရေနွေးငွေ့ထွက်ပေါက်မှ ထွက်လာနိုင်သည်။

စက်ကို ညီညာပြန့်ပြူးသော မျက်နှာပြင်ပေါ်တွင်အသုံးပြုပါ။ လက်တွင် ကိုင်၍ အသုံးပြုရန် အတွက်မဟုတ်ပါ။

စက်ကို အသုံးပြုနေစဉ်နှင့် အသုံးပြုပြီးနောက် ၁၀ မိနစ်အတွင်း ဓာတ်ဘူးကို တပ်ခြင်း (သို့) ဖြုတ်ခြင်း မပြုလုပ်ပါနှင့်။ စက်ကို အသုံးပြုနေစဉ်ရေနွေး ငွေ့ထွက်ပေါက်ကို ထိခြင်း (သို့) အတွင်းသို့ကြည့်ခြင်း မပြုလုပ်ပါနှင့်။

လျှပ်စစ်ဖြတ်တောက်ပြီးနောက်တွင် ( ၁ မိနစ်ခန့် ) ရေနွေးငွေ့များသည်ဆက်၍ ထွက်လာနိုင်သည်။ စက်ကို အသုံးပြုပြီးနောက် ရေနွေးငွေ့ထွက်ပေါက် နှင့် အဝေးတွင် နေပါ။

စက်သန့်ရှင်းသည့်အချိန်မှ လွဲ၍ စက်ထဲတွင် ရေရှိနေသည့်အခါ စက်ကို မလှုပ်ပါနှင့်။

ရေနွေးငွေ့ထွက်ပေါက်မှတစ်ဆင့် ရေများမထွက်ပါစေနှင့်။

– ထိုသို့ပြုလုပ်ပါက ရေနွေးငွေ့ထွက်ပေါက်တွင် ရေစက်များ စုပုံလာခြင်းကြောင့် ပါဝါဖွင့်သည့်အခါ ရေပူများ ထွက်လာနိုင်သည်။ ၎င်းသည် အပူကျွမ်း ခြင်း (သို့) အပူလောင်ခြင်းဖြစ်စေနိုင်သည်။

■ ဤစက်အား ( ကလေးများ အပါအဝင် ) ရုပ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ အမြင်အာရုံ (သို့) စိတ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ ဘေးကင်းလုံခြုံမှု အတွက် တာဝန်ရှိသူမှ စက်၏ အသုံးပြုမှုနှင့် ပတ်သက်၍ ကြီးကြပ်မှု (သို့) လမ်းညွှန်ချက် မရရှိထားသော အတွေ့အကြုံနှင့် ဗဟုသုတ နည်းသူများ အသုံးမပြု ပါနှင့်။ ကလေးငယ်များအား ဤစက်နှင့် ဆော့ကစားခြင်း မပြုရန် ကြီးကြပ်သင့်သည်။

■ စက်အားအသုံးပြုပြီးသည့်နောက် ဆီနှင့် အခြားအကြွင်းအကျန်များ စုပုံခြင်း မဖြစ်စေရန် စက်ကို သန့်ရှင်းသင့်သည်။

**အသားအရေနှင့်ပတ်သက်သော အရေးကြီး သတိပေးချက်များ**

■ စက်ကို အလွန်အကျွံ အသုံးပြုခြင်းသည် အသားအရေကို ထိခိုက်စေပါသည်။

အစပိုင်းတွင် စက်ကို တစ်နေ့လျှင် တစ်ကြိမ်သာ၊ တစ်ပတ်လျှင် အများဆုံးနှစ်ကြိမ်မှ ၃ ကြိမ်အထိသာ အသုံးပြုသင့်ပါသည်။ စက်အသုံးပြုမှုတစ်လ ခန့်ကြာပြီး နောက်တွင် စက်ကို နေ့စဉ် အသုံးပြုနိုင်ပါသည်။ သင့်အသားအရေအခြေအနေကို လေ့လာစဉ် ကြိမ်နှုန်းနှင့် အချိန်ကို ချိန်ညှိပါ။


■ ရေနွေးငွေ့ကို အသုံးပြုစဉ် အသားအရေပြဿနာဖြစ်ပါက စက်အသုံးပြုမှုကို ရပ်ပါ။


■ ရေနွေးငွေ့ကို အသုံးပြုပြီးနောက် ပုံမှန် အသားအရေထိန်းသိမ်းရန် လိုအပ်ပါသည်။


ရေနွေးငွေ့ကို အသုံးပြုပြီးနောက် အသားအရေ ထိန်းသိမ်းခြင်းကို မပြုလုပ်ပါက အသားအရေပေါ်ရှိအစိုဓာတ်သည် အလွယ်တကူ အငွေ့ပြန်၍ အသားအရေကို ခြောက်စေပါသည်။

# အစိတ်အပိုင်းများအား ခွဲခြမ်းစိတ်ဖြာခြင်း

မြန်မာ




**က** စက်

- ၁ ပိုက်ခေါင်း
- ၂ ရေနွေးငွေ့ထွက်ပေါက်
- ၃ ပါဝါခလုတ်
- ၄ ရေထွက်ပေါက်
- ၅ စက်ပလပ်ခုံ
- ၆ ရေထွက်သည့်ခလုတ်

**ခ** ဓာတ်ဘူး

- ၇ ဓာတ်ဘူးအဖုံး
- ၈ “အပြည့်” အမှတ်
- ၉ “တစ်ဝက်” အမှတ်

**ဂ** မီးကြိုး

- ၁၀ ပလပ်ခေါင်း
- ၁၁ ကြိုး
- ၁၂ စက်ပလပ်ခေါင်း


- ပလပ်ခေါင်း ပုံသဏ္ဌာန်သည် နေရာဒေသအပေါ်လိုက်၍ ကွဲပြားနိုင်သည်။
- စက်အား ပထမ အကြိမ်အသုံးပြုသည့်အခါ ဓာတ်ဘူးဘေပတ်လည်တွင် ရေများကျန်ရှိနေနိုင်သည်။ ထိုရေများသည် စက်ရုံတွင် စစ်ဆေးရန်အတွက် အသုံးပြုသော ရေအကြွင်းအကျန်များ ဖြစ်၍ ရေဆိုးနှင့် ပတ်သက်သော ပြဿနာများ မဖြစ်စေနိုင်ပါသည်။

# ပြင်ဆင်ခြင်း



၁ စက်ကို ညီညာပြန့်ပြူးသော မျက်နှာပြင်ပေါ်တွင်ထားပါ။

- စက်ကို အသုံးပြုစဉ် စာပွဲစောင်းကဲ့သို့ ညီညာပြန့်ပြူး၍ ခိုင်ခံ့သော မျက်နှာပြင်ပေါ်တွင် ထားပါ။ စက်အသုံးပြုနေစဉ် စက်ကို လက်ထဲတွင် မကိုင်ထားပါနှင့်။
- အကယ်၍ စက်သည် ထောင်မတ်သောအနေအထားတွင် မရှိပါက ဓာတ်ဘူးသည် စက်ကို ရေမထောက်ပံ့နိုင်၍ စက်သည် ရေနွေးငွေ့ထုတ်လွှတ်နိုင်မည် မဟုတ်ပါ။



၂ ဓာတ်ဘူးကို စက်မှ ဖြုတ်ပါ။

- ဓာတ်ဘူးကို အပေါ်သို့ ဆွဲ၍ ဖြုတ်ပါ။

၃ ဓာတ်ဘူးအဖုံးကို လှည့်၍ ဖွင့်ပါ။

၄ ဓာတ်ဘူးထဲသို့ ရေဖြည့်၍ ဓာတ်ဘူးအဖုံးကို ပိတ်ပါ။


- ရေသည် "အပြည့်" အမှတ်သို့ ဖြည့်ထားသည့် အခါ ရေနွေးငွေ့သည် ၆ မိနစ်ခန့် ထွက်လာမည်ဖြစ်ပြီး "တစ်ဝက်" အမှတ်သို့ ဖြစ်သည့်အခါ ၃ မိနစ်ခန့် ထွက်လာပါမည်။



၅ ဓာတ်ဘူးမျက်နှာပြင်ပေါ်ရှိ ရေများကို သုတ်ပါ။

၆ ဓာတ်ဘူးကို စက်တွင် တပ်ပါ။

- ဓာတ်ဘူးကို စက်ထဲသို့ ချက်ကနဲ အသံကြားသည့်အထိ တွန်းထည့်ပါ။
- ဓာတ်ဘူးကို စက်ထဲတွင် တပ်သည့်အခါ စက်အတွင်းသို့ ရေများထောက်ပံ့ပေးပြီး ဓာတ်ဘူးရှိ ရေများလျော့သွားသည်။
- အကယ်၍ဓာတ်ဘူးအား အကြိမ်ကြိမ် တပ်ခြင်း( သို့ ) ဖြုတ်ခြင်းပြုလုပ်ပါက ရေထွက်ပေါက်မှ ရေများ ယိုစိမ့်လာနိုင်သည်။



ပေါင်းခံထားသည့်ရေ (သို့ ) သန့်စင်ထားသောရေကိုသာ သုံးပါ။ စက်၏ ဝန်ဆောင်မှုသက်တမ်းသည် ရေ အရည်အသွေးပေါ်မူတည်၍ သက်တမ်းတိုးနိုင်သောကြောင့် ပေါင်းခံရေ (သို့ ) အသုံးပြုသင့်ပါသည်။ ၎င်းတို့ကို သီးသန့် ဝယ်ယူပါ။


အောက်ပါရေအမျိုးအစားများသည် သတ္တုဓာတ်ပါဝင်မှုများသောကြောင့်အသုံးမပြုနိုင်ပါ။

- ဘုံပိုင်ရေ
- တွင်းရေ
- ရေပူစမ်းမှရေ
- အက်ဆစ်ပါသောရေ
- မြေအောက်ရေ
- အိုင်ယွန်ဖြည့်အယ်ကာလီရေ

အခြားအရာများနှင့် မရောပါနှင့်။
ရေကို လိုးရှင်း၊ အလှဆီကဲ့သို့ အခြား အရာဝတ္ထုများနှင့် မရောပါနှင့်။
ထိုသို့ပြုလုပ်ပါက အပူကျွမ်းခြင်း၊ စက်ချွတ်ယွင်းခြင်း (သို့) စက်၏သက်တမ်းတိုခြင်းဖြစ်စေနိုင်ပါသည်။


မြန်မာ

# ပေါင်းတင်စက်ကို အသုံးပြုပုံ



၁ စက်ပလပ်ခေါင်းကို စက်တွင်း ထိုးထည့်ပါ။

၂ ပလပ်ခေါင်းကို ပါဝါပလပ်ခုံတွင် ပလပ်ထိုးပါ။



၃ စက်ဖွင့်ရန် ပါဝါခလုတ်ကို အပေါ်သို့ တွန်းပါ။
ရေနွေးငွေ့သည် ၁ မိနစ်ခန့် ကြာပြီးနောက် ထွက်လာသည်။

- ဗိုးကနဲ အသံမြည်သံကြားရပါမည်။ ထိုအသံသည် လျှပ်စစ်ထုတ်လွှတ်သော အသံဖြစ်၍ ပုံမှန်သာဖြစ်သည်။
- စက်သည် ရေနွေးငွေ့စတင်ထုတ်လွှတ်သည့်အခါ ရေပူအနည်းငယ် ထွက်လာနိုင်သည်။ ထိုသို့ဖြစ်ခြင်းသည် စက်ချွတ်ယွင်းခြင်း မဟုတ်ပါ။




၄ ရေနွေးငွေ့ကို မျက်နှာနှင့် တိုက်ရိုက်ထိတွေ့အောင် ထားပါ။


- မျက်နှာကို ပိုက်ခေါင်းမှ အနည်းဆုံး ၂၀ စင်တီမီတာ အဝေးတွင် ထားပါ။
- စက်ကို ပထမဆုံးအကြိမ်အသုံးပြုသည့်အခါ (သို့) အကွာအဝေးကို ခန့်မှန်းရန်ခက်သည့်အခါ ပိုက်ခေါင်းနှင့် ရေနွေးငွေ့ ထိတွေ့ရမည့် နေရာတို့ အကြားရှိ မှန်ကန်သော အကွာအဝေးကို သက်မှတ်နိုင်ရန် ပူးတွဲပါဝင်သော "အကွာအဝေး လမ်းညွှန်" ကို ဖတ်ပါ။
- ရေနွေးငွေ့သည် မျက်နှာတစ်ခုလုံးကို ထိတွေ့စေရန် မေးစေ့၏ ထိပ်သို့ ရေနွေးငွေ့ကို တိုက်ရိုက်ထိတွေ့အောင် ထားပါ။

ရေသည် “အပြည့်” အမှတ်သို့ဖြည့်ထားသည့်အခါ ရေနွေးငွေ့သည် ၆ မိနစ်ခန့်ထွက်ပြီးနောက် ရပ်သွား၍ “တစ်ဝက်” အမှတ်သို့ဖြည့်ထားသည့် အခါ ၃ မိနစ်ခန့် ထွက်ပြီးနောက် ရပ်သွားပါသည်။ ( ရေနွေးငွေ့ထွက်သည့်ကြာချိန်သည် ဖြည့်ထားသည့်ရေပမာဏအပေါ် မူတည်၍ ပြောင်းလဲပါသည်။

- ကျန်ရှိနေသော ရေပမာဏနည်းနေပါက ရေနွေးငွေ့ထွက်သည့် နည်းလမ်းသည် ပြောင်းလဲနိုင်ပါသည်။ ထိုသို့ဖြစ်ခြင်းသည် စက်ချွတ်ယွင်းခြင်းမဟုတ်ပါ။
- အကယ်၍ ဘူးတွင် ရေမရှိပါက ရေနွေးငွေ့ထွက်ပေါက်မှ ရေနွေးငွေ့များ ထွက်မည်မဟုတ်ပါ။ စက်ကို ပိတ်၍ အနည်းဆုံး ၁၀ မိနစ်ကြာ အအေးခံပြီး နောက်ရေထည့်ပါ။

**၅** စက်ပိတ်ရန် ပါဝါခလုတ်ကို အောက်သို့ ရွှေ့ပါ။


- စက်ကိုအသုံးပြုပြီးနောက် အသားအရေကို လိုရှင်းလိမ်း၍ စိုပြေစေခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းဖြင့် ထိန်းသိမ်းပါ။ မထိန်းသိမ်းပါက အသားအရည်အတွင်း ရှိ ရေငွေ့ပျံကာ အသားအရည်ခြောက်သွေ့စေပါသည်။



# စက်ကို အသုံးပြုပြီးနောက်

- စက်အားအသုံးပြုပြီးနောက် ၁၀ မိနစ်အတွင်း စက်ကို စောင်းခြင်း၊ လှုပ်ခြင်း၊ သယ်ဆောင်ခြင်း မပြုလုပ်ပါနှင့်။
- စက်အား အသုံးပြုပြီးတိုင်း ဓာတ်ဘူးနှင့် စက်အတွင်း ရှိ ရေများကို သွန်ပါ။


ထိုသို့ မပြုလုပ်ပါက ရေအညစ်အကြေးများ ( သို့ ) ပုံမှန်မဟုတ်သော အနံ့များ ထွက်ခြင်း ဖြစ်စေနိုင်သည်။



**၁** စက်ကို အနည်းဆုံး ၁၀ မိနစ်ခန့် အအေးခံပါ။

**၂** ပါဝါပလပ်ခုံမှ ပလပ်ကို ဖြုတ်ပါ။

**၃** စက်မှ ပလပ်ခေါင်းကို ဖြုတ်ပါ။




**၄** စက်မှ ဓာတ်ဘူးကို ဖြုတ်ပါ။

- ဓာတ်ဘူးကို အပေါ်သို့ ဆွဲဖြုတ်ပါ။
- ဓတ်ဘူးမှ ရေများထွက်လာနိုင်သောကြောင့် ဓာတ်ဘူးကို ရေလုံသောနေရာတွင် ဖြုတ်ပါ။

**၅** ဓာတ်ဘူးအတွင်းရှိ ရေများကို သွန်ပါ။


- ဓတ်ဘူး၏ မျက်နှာပြင်ပေါ်မှ ရေများကို သုတ်ပါ။




မြန်မာ

၆ စက်အတွင်းရှိရေများကို သွန်ပါ။

- စက်၏ အောက်ခြေရှိ ရေထွက်သည့် ခလုတ်ကို တွင်းဖွင့်သည့် အခါ ရေမြောင်းများ၏ လားရာအတိုင်း ရေထွက်ပေါက်မှ ရေများ ကို သွန်ပါ။
- ရေသွန်သည့်အခါ လက်များသည် ရေပူနှင့် မထိစေရန် စက်ကို ကိုင်ထားပါ။ ထိုသို့ မပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။





၇ ဓာတ်ဘူးကို တပ်ဆင်ပါ။

- ဓာတ်ဘူးကို စက်အတွင်းသို့ ချက်ကနဲ အသံကြားသည့်အထိ တွန်းထည့်ပါ။

၈ စက်မှ ရေစက်များကို သုတ်ပါ။


- စက်ကို အချိန်အတိုင်းအတာ တစ်ခု အကြာ ( အပတ်ပေါင်းများစွာ (သို့) အပတ်ပေါင်းများစွာထက်ပို၍ ) အသုံးမပြုသည့်အခါ ဓာတ်ဘူးနှင့် စက်အတွင်းရှိ ရေအားလုံးကို သုတ်ပါ။ စက်ကို လုံလောက်စွာ အခြောက်ခံပြီးမှ သာ စက်ကို သိမ်းဆည်းပါ။

# စက်ကို သန့်စင်ခြင်း

စက်ကို ရေတွင် ဆေးကြောခြင်း (သို့) နှစ်မြှုပ်ခြင်း မပြုလုပ်ပါနှင့်။

## စက်အတွင်းပိုင်း ဆေးကြောခြင်း

- စက်ကို တစ်လ တစ်ကြိမ်သန့်ရှင်းပါ။
- ရေအကြွင်းအကျန်များကို ကာကွယ်ရန်နှင့် ဖယ်ရှားရန် စက်ကို အသုံးပြုပြီးနောက် အနည်းဆုံး ၁၀ မိနစ်ခန့် အအေးခံ၍ အောက်ပါအဆင့်များ အတိုင်း သန့်ရှင်းပါ။




၁ ဓာတ်ဘူးထဲတွင် ရေကို “အပြည့်” အမှတ်ရောက်သည်အထိ ဖြည့်၍ ဓာတ်ဘူးအဖုံးကို ပိတ်ပါ။

၂ ဓာတ်ဘူးကို စက်တွင် တပ်ပါ။

# စက်ကိုသန့်စင်ခြင်း

၃ စက်ကို အလျားလိုက် ၃ ကြိမ်မှ ၄ ကြိမ် ခန့် လှုပ်ပါ။

● စက်ကို မစောင်းဘဲ ဖြည်းညှင်းစွာ လှုပ်ပါ။




၄ ဓာတ်ဘူးကို စက်မှ ဖြုတ်ပါ။

၅ စက်အတွင်းရှိ ရေများကို သွန်ပါ။

● စက်၏ အောက်ခြေရှိ ရေထွက်သည့် ခလုတ်ကို နှိပ်သည့်အခါ “ရေမြောင်း” မြား၏ လားရာ အတိုင်း ရေထွက်ပေါက်မှ ရေများကို သွန်ပါ။

● စက်ကို ညီညာသော အနေအထားတွင် ပြန်ထား၍ အထက်ပါအဆင့်အတိုင်း ၂ ကြိမ်မှ ၃ ကြိမ်ခန့် တစ်ဖန် ပြန်လုပ်ပါ။



၆ အဆင့် ၂ မှ ၅ အထိ အထက်ပါ အတိုင်း ၂ ကြိမ်ထပ်မံပြုလုပ်ပါ။

၇ စက်နှင့် ဓာတ်ဘူးပေါ်ရှိ ရေများကို သုတ်ပါ။

ရေများသွန်လိုက်သည့်အခါတွင်မှ အချို့ရေများသည့် စက်တွင် ကျန်ရှိနေနိုင်သည်။ စက်ကို နောက်တစ်ကြိမ် အသုံးပြုသည့်အခါ ရေများဆူပွက်နိုင်သောကြောင့် ရေဆိုးနှင့် ပတ်သက်သော ပြဿနာများ မဖြစ်စေနိုင်ပါ။


## စက်ကို သန့်ရှင်းခြင်း

စက်ကို ရေတွင် ဆေးကြောခြင်း၊ နှစ်မြှုပ်ခြင်း မပြုလုပ်ပါနှင့်။

- စက်ကို ဆပ်ပြာရည် စွတ်ထားသော အဝတ်ဖြင့် သုတ်ပါ။
- အရက်ပြန်၊ တင်နာ၊ ဘန်ဇင်း၊ ကြွေရည်ဖျက်ဆေး စသည့်တို့ကို အသုံးမပြုပါနှင့်။ ထိုသို့ပြုလုပ်ပါက စက်ချွတ်ယွင်းခြင်း (သို့) အစိတ်အပိုင်းများ အက်ကြောင်းရာထင်ခြင်း (သို့) အရောက်ကျွတ်ခြင်း ဖြစ်နိုင်ပါသည်။

## မီးကြိုးကို သန့်ရှင်းခြင်း


- မီးကြိုးကို တစ်လ တစ်ကြိမ်သန့်ရှင်းပါ။
- ပါဝါပလပ်ခုံ မှ ပလပ်ခေါင်းနှင့် စက်မှ ပလပ်ခေါင်းတို့ကို ဖြုတ်ပါ။ အဝတ်အခြောက်ကိုသုံး၍ ဖုန် စသည့်တို့ကို သုတ်ပါ။




မြန်မာ

## အကာယ်ရှိ မာတ်ဘူးအဖုံးရော်ဘာစွပ်ကို ဖြုတ်လျှင်


၁။ လက်ညှိုးဖြင့် မာတ်ဘူး၏ အလယ်တည့်တည့်ကို အပေါ်သို့ တွန်းတင်ပါ။



၂။ မာတ်ဘူးအဖုံးရော်ဘာစွပ် (က) ၏ အပြင်ဘက် နှုတ်ခမ်းတစ်လျှောက် ညင်သာစွာဖိထည့်၍ မာတ်ဘူးရော်ဘာစွပ် (ခ) ပေါ်ရှိ မြင့်တက်နေသော အစွန်းကို ရှာပါ။




၃။ ရော်ဘာစွပ်ကို လက်ဖြင့်လှည့်၍ မာတ်ဘူးအဖုံး ရော်ဘာစွပ်ကို ပေါ်လာစေပြီး မာတ်ဘူးရော် ဘာစွပ် (ဃ) ပေါ်ရှိ မြင့်တက်နေသော အစွန်းကိုမာတ်ဘူး အဖုံး (ဂ) ပေါ်ရှိ မြောင်းနှင့် ကိုက်၍ထည့်ပါ။




## အသေးစိတ်အချက်အလက်များ

မော်ဒယ်နံပါတ် : EH-SA31

| | |
|---|---|
| ရှိရမည့် လျှပ်စစ်ပမာဏ | ၂၂၀ – ၂၄၀ ဗို့ ~ ၂၅၀–၆၀ ဟတ်ဇ် |
| လျှပ်စစ်သုံးစွဲမှုပမာဏ | ၂၉၀ ဝပ် |
| ရေငွေ့ထုတ်လွှတ်မှုနှုန်း | ပျမ်းမျှ ၆ မီလီလီတာ / ၁ မိနစ် |
| ရေနွေးငွေ့အပူချိန် | ပျမ်းမျှ ၄၀ ဒီဂရီစင်တီဂရိတ်<br>(ပိုက်ခေါင်း၏ အစွန်းမှ ပျမ်းမျှ ၂၀ စင်တီမီတာ အကွာအဝေး ) |

ဤစက်သည် အိမ်တွင်းသုံးရန်သာ ဖြစ်သည်။


Panasonic Electric Works Wanbao (Guangzhou) Co.,Ltd.

No.33 Wanbao North Street Wanbao Industry Zone Zhong Cun Town,
Panyu City, Guangdong Province, 511495 China